# ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အီလက်ထရွန်နစ်ဖြင့် အကျိုးခံစားခွင့် ပေးပို့ခြင်းစနစ် (P-EBT) ဆိုင်ရာမကြာခဏ မေးလေ့ရှိသောမေးခွန်းများ

**P-EBT ဒုတိယအကြိမ် - စာသင်နှစ် 2020-21**

1. **အဝေးသင်ကျောင်းတက်သော ကလေးများအနေဖြင့် 2020-21 စာသင်နှစ်အတွက် P-EBT အကျိုးခံစားခွင့်များ ရရှိမှာလား။**

   အင်ဒီယားနားပြည်နယ် အနေနှင့် 2020-21 စာသင်နှစ်အတွင်း အဝေးသင်ကျောင်းများတွင် စာရင်းသွင်းထားပြီး ပံ့ပိုးမှုရရှိသင့်သော ကျောင်းသူကျောင်းသားများ အတွက် P- EBT အကျိုးခံစားခွင့်များ ထပ်မံထုတ်ပေးရန် USDA ထံမှ အတည်ပြုချက်ရရှိထားပါသည်။ ဤထောက်ပံ့ကြေးများကို အဝေးသင်ကျောင်းများ သို့မဟုတ် အဝေးသင်နှင့်ကျောင်းခန်းထဲတက်ရောက်သင်ကြားမှု ပေါင်းစပ်ထားသော ကျောင်းများတွင် အနည်းဆုံး 5 ရက်ဆက်တိုက် ကျောင်းတက်နေသော ကလေးများအတွက်သာ ထုတ်ပေးမည်။ P-EBT ရရှိသင့်သော ကျောင်းသူကျောင်းသားများသည် P-EBT ကဒ်အသစ်များဖြင့် ထောက်ပံ့ကြေးများ ရရှိမည်ဖြစ်ပြီး နိုဝင်ဘာလအကုန် နောက်ဆုံးထား၍ စာတိုက်မှတစ်ဆင့် ကဒ်များလက်ခံရရှိပါလိမ့်မည်။

## သတ်မှတ်ချက်နှင့်ကိုက်ညီမှု

2. **P-EBT အသုံးပြုခြင်းဖြင့် မိမိ၏ နိုင်ငံတွင်းနေထိုင်ခွင့် အခြေအနေကို ထိခိုက်နိုင်ပါသလား။**

   မထိခိုက်ပါ။ P-EBT ကဒ်ကို အသုံးပြုခြင်းဖြင့် သင်နှင့်သင့်ကလေး၏ နိုင်ငံတွင်းနေထိုင်ခွင့်ကို ထိခိုက်မည်မဟုတ်ပါ။

3. **ယခင်က (SNAP) အစားအသောက်ထောက်ပံ့ကြေးကို တစ်ခါမှ အသုံးမပြုခဲ့ဖူးပါ၊ သို့မဟုတ် ယခုအချိန်တွင် အသုံးမပြုပါ။ P-EBT ကို အသုံးပြုနိုင်ပါသလား။**

   အသုံးပြုနိုင်သည်၊ သင့်ကလေးအနေနှင့် နိုင်ငံလုံးဆိုင်ရာ ကျောင်းတွင်းနေ့လည်စာ ပံ့ပိုးမှုအစီအစဉ် National School Lunch Program အရ အခမဲ့ သို့မဟုတ် ဈေးလျှော့ပေးသော အစားအစာများ ရရှိခွင့်ရှိပါက၊ သို့မဟုတ် ကျောင်းသူကျောင်းသားအားလုံးအတွက် အခမဲ့အစားအစာ စီစဉ်ပေးသော ကျောင်းများတွင် ကျောင်းတက်ပါက၊ ထို့အတူ ဤအစီအစဉ်တွင် ပံ့ပိုးမှုရရှိသင့်သည့် အချက်အလက်များ ပေးအပ်ထားပြီးဖြစ်ပါက စာတိုက်မှတစ်ဆင့် P-EBT ကဒ်တစ်ခု လက်ခံရရှိပါလိမ့်မည်။ ထောက်ပံ့ကြေးများကို အသုံးပြုရန်အတွက် ပံ့ပိုးမှုအစီအစဉ်တွင် အမည်စာရင်းပေးစရာမလိုပါ။
   အစားအသောက်ဝယ်ယူရန်အတွက် SNAP မှ လစဉ်အကျိုးခံစားခွင့် ထုတ်ပေးပါသည်။ အကျိုးခံစားခွင့် ရရှိနိုင်မှုရှိ၊ မရှိဆိုသည့်အကြောင်းနှင့် SNAP နှင့် အခြားသော DFR အကျိုးခံစားခွင့်များကို မည်သို့လျှောက်လွှာတင်ရမည်ကို ပိုမိုသိရှိလိုပါက fssabenefits.in.gov တွင် ဖတ်ရှုပါ။

4. **ပုဂ္ဂလိကကျောင်း၊ လူမှုအသိုင်းအဝိုင်းကျောင်း သို့မဟုတ် ခရစ်ယာန်ဘာသာရေးကျောင်းများတွင် ကျောင်းတက်နေသော ကလေးများအနေဖြင့် ပံ့ပိုးမှုရရှိနိုင်ပါသလား။ သက်မွေးမှုလုပ်ငန်းသင်တန်းကျောင်းများ တက်ရောက်သော ကျောင်းသူကျောင်းသားများ အနေဖြင့်ပံ့ပိုးမှုရရှိနိုင်ပါသလား။**

   ခရစ်ယာန်ဘာသာရေးကျောင်း၊ ပုဂ္ဂလိကကျောင်း၊ လူမှုအသိုင်းအဝိုင်းကျောင်း၊ သို့မဟုတ် သက်မွေးမှုလုပ်ငန်း သင်တန်းကျောင်း အနေဖြင့် နိုင်ငံလုံးဆိုင်ရာ ကျောင်းတွင်းနေ့လည်စာ ပံ့ပိုးမှုအစီအစဉ်တွင် ပါဝင်ပြီး ကျောင်းသူကျောင်းသားအနေဖြင့် အခမဲ့/ဈေးလျှော့ပေးသော အစားအစာများ ရရှိသည့်ကလေးဖြစ်ပါက P-EBT ရရှိနိုင်ပါသည်။ မှတ်ချက်။ ခရစ်ယာန်ဘာသာရေးကျောင်း၊ ပုဂ္ဂလိကကျောင်း၊ သို့မဟုတ် လူမှုအသိုင်းအဝိုင်းကျောင်းများ အားလုံးအနေနှင့် နိုင်ငံလုံးဆိုင်ရာ ကျောင်းတွင်းနေ့လည်စာ ပံ့ပိုးမှုအစီအစဉ်တွင် **မပါဝင်ပါ**။ သင့်ကျောင်းအနေဖြင့် နိုင်ငံလုံးဆိုင်ရာကျောင်းတွင်းနေ့လည်စာ ပံ့ပိုးမှုအစီအစဉ်တွင် ပါဝင်ခြင်းရှိမရှိ သိရှိလိုပါက ကျောင်းကိုတိုက်ရိုက်ဆက်သွယ်ပါ။ ကျောင်းအုပ်ချုပ်ရေးခရိုင်အနေနှင့် နိုင်ငံလုံးဆိုင်ရာ ကျောင်းတွင်းနေ့လည်စာ ပံ့ပိုးမှုအစီအစဉ်တွင် ပါဝင်သော်လည်း ပုဂ္ဂလိကကျောင်း၊ ခရစ်ယာန်ဘာသာရေးကျောင်း သို့မဟုတ် လူမှုအသိုင်းအဝိုင်းကျောင်း အနေနှင့် အဆိုပါအစီအစဉ်တွင် မပါဝင်ပါက ထိုကျောင်းများတွင်တက်သော ကလေးများအနေနှင့် P-EBT ကို မရရှိနိုင်ပါ။ P-EBT သည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေကြောင့် ကျောင်းမပိတ်ထားလျှင် အစားအသောက် ထောက်ပံ့မှုရရှိမည့် ကလေးများအတွက် အစားထိုးရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

# ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အီလက်ထရွန်နစ်ဖြင့် အကျိုးခံစားခွင့် ပေးပို့ခြင်းစနစ် (P-EBT) ဆိုင်ရာမကြာခဏ မေးလေ့ရှိသောမေးခွန်းများ

## P-EBT ထောက်ပံ့ကြေးများ ရယူခြင်း

**5. SNAP ပံ့ပိုးမှုကို လတ်တလောရရှိနေပါက P-EBT ထောက်ပံ့ကြေးများကို မည်သို့ရရှိမည်နည်း။**

P-EBT အကျိုးခံစားခွင့်များအတွက် ထောက်ပံ့ကြေးများကို P-EBT ကဒ်အသစ်ထဲတွင် ထည့်ပေးမည်ဖြစ်ပါသည်။ ကျောင်းမှပေးထားသော လိပ်စာဖြင့် P-EBT ကဒ်များကိုပို့ပေးပါလိမ့်မည်။ P-EBT ကဒ်များကို အောက်တိုဘာလ အစောပိုင်းတွင် စတင်ပို့ပေးမည်ဖြစ်ပြီး အောက်တိုဘာလ အလယ်ပိုင်းတွင်း အဆုံးသတ်မည်။
P-EBT ကဒ်ကို မည်သို့အသုံးပြုရမည့် ညွှန်ကြားချက်များနှင့်အတူ စာတိုက်မှတစ်ဆင့် ကဒ်များရောက်လာပါလိမ့်မည်။ပံ့ပိုးမှုရရှိနိုင်သည့်ကလေး တစ်ဦးစီအတွက် ကဒ်တစ်ခုစီ လက်ခံရရှိပါလိမ့်မည်။ လျှောက်လွှာတင်စရာမလိုပါ။

**6. SNAP ပံ့ပိုးမှုကို မရရှိပါက P-EBT ထောက်ပံ့ကြေးများကို မည်သို့ရရှိမည်နည်း။**

P-EBT အကျိုးခံစားခွင့်များ ရရှိသင့်သူများအတွက် SNAP ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ ထောက်ပံ့ကြေးများကို P-EBT ကဒ်အသစ်ထဲ ထည့်ပေးပါလိမ့်မည်။ ကဒ်များကို အောက်တိုဘာလ အစောပိုင်းတွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ အလယ်ပိုင်းတွင် အဆုံးသတ်မည်။ ပံ့ပိုးမှုရရှိနိုင်သောကလေးတစ်ဦးစီအတွက် ကဒ်တစ်ခုထုတ်ပေးမည်။

## သင့်ကဒ်ကိုအသုံးပြုခြင်း

**7. မစွန့်ပစ်မိအောင် P-EBT ကဒ်ကို မည်သည့်စာအိတ်အမျိုးအစားဖြင့် ပို့ပေးမည်နည်း။**

P-EBT ကဒ်များကို ကလေးအမည်နှင့်လိပ်စာ ဖော်ထားသောအကွက် ပါသည့် စာအိတ်အဖြူရောင်ဖြင့် ပို့ပေးပါလိမ့်မည်။

**8. P-EBT ကဒ်ကိုမည်သို့ အသက်သွင်းရမည်နည်း။**

P-EBT ကဒ်နှင့်အတူ စာအိတ်ထဲတွင် ကဒ်ကိုမည်သို့အသက်သွင်းရမည့် ညွှန်ကြားချက်များ ပါဝင်ပါလိမ့်မည်။

**9. P-EBT ကဒ်ကို အသက်သွင်းရန် ပြဿနာရှိနေပါသည်။**

အကူအညီလိုအပ်ပါက ကဒ်၏ကျောဘက်ပါ ဖုန်းနံပါတ်သို့ ဖုန်းဆက်ပါ။

**10. မိမိ၏လက်ကျန်ငွေပမာဏကို မည်သို့စစ်ဆေးနိုင်မည်နည်း။**

လက်ကျန်ငွေကို စစ်ဆေးရန်အတွက် P-EBT ကဒ်၏ ကျောဘက်ပါဖုန်းနံပါတ်သို့ ဖုန်းဆက်နိုင်ပါသည်။

**11. P-EBT ကဒ်ကို ဘယ်နေရာတွင် အသုံးပြုနိုင်သနည်း။**

SNAP အကျိုးခံစားခွင့်များကို လက်ခံသည့်နေရာမှန်သမျှတွင် အသုံးပြုနိုင်ပါသည်။

**12. P-EBT ကဒ်ဖြင့် ဘယ်အရာကို ဝယ်ယူနိုင်သနည်း။**

အောက်ပါအစားအစာများအပါအဝင် အိမ်အတွက် စားသောက်ကုန်ပစ္စည်းအများစုကို ဝယ်ယူနိုင်သည်။

- ☐ လတ်ဆတ်သော သို့မဟုတ် ရေခဲရိုက်ထားသော အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ
- ☐ အသား၊ နို့ထွက်ပစ္စည်းနှင့် ကြက်ဥများ
- ☐ ဆန်၊ ပဲ၊ ပါစတာခေါက်ဆွဲနှင့် အခြားသော စားသောက်ကုန်အခြောက်များ
- ☐ ပေါင်မုန့်နှင့် ဆီရီယယ်များ
- ☐ ကိုယ်တိုင်စိုက်ပျိုးရန် ကောက်ပဲသီးနှံမျိုးစေ့များ

အတည်ပြုထားသော အစားအသောက် စာရင်းအပြည့်အစုံကို သိရှိလိုပါက ဤနေရာတွင်နှိပ်ပါ

**13. P-EBT ကဒ်ဖြင့် ဘယ်အရာကို ဝယ်ယူ၍ မရသနည်း။**

ဝယ်၍မရသောပစ္စည်းများတွင် အောက်ပါတို့ပါဝင်သည်။

- ☐ စားသုံးရန်အဆင်သင့် ချက်ပြုတ်ပြီးသား အစားအစာ ပူပူနွေးနွေးများ
- ☐ အညစ်အကြေးခံဒိုင်ပါများ
- ☐ သန့်ရှင်းရေးသုံးထုတ်ကုန်များ၊ အိမ်သာသုံးစက္ကူများ၊ တစ်ရှူးစက္ကူများ၊ စသဖြင့်၊
- ☐ ဆေးဝါးများ သို့မဟုတ် အားဆေးများ
- ☐ စားသောက်ဆိုင် အစားအစာ
- ☐ အိမ်မွေးတိရစ္ဆာန် အစားအစာ
- ☐ အရက်နှင့် ဆေးရွက်ကြီးထွက်ကုန်များ

အတည်ပြုထားသော အစားအသောက် စာရင်းအပြည့်အစုံကို သိရှိလိုပါက ဤနေရာတွင်နှိပ်ပါ

**14. P-EBT ကို EBT လက်ခံသည့် ခြံထွက်ဈေးများတွင် အသုံးပြုနိုင်ပါသလား။**

အသုံးပြုနိုင်သည်၊ SNAP/EBT ကဒ်များ လက်ခံသည့်နေရာမှန်သမျှတွင် P-EBT ကဒ်များကို အသုံးပြုနိုင်သည်။ ၎င်းတို့တွင် ခြံထွက်ဈေးများပါဝင်သည်။

## အခြားမေးခွန်းများ

**1. P-EBT သည် အစားအစာ လှူဒါန်းသော နေရာများကို အစားထိုးမှာလား။**

အစားမထိုးပါ၊ P-EBT ထောက်ပံ့ကြေးများသည် အစားအစာ လှူဒါန်းသောနေရာများကို ဖြည့်စွက်ပေးသည်၊ အစားထိုးခြင်းမဟုတ်ပါ။

**2. P-EBT ထောက်ပံ့ကြေးများကို အဘယ်ကြောင့် အသုံးပြုသင့်သနည်း။**

P-EBT သည် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေကာလအတွင်း ကလေးများရှိသော မိသားစုများကို အစားအသောက် ဝယ်ယူရန် ကူညီပံ့ပိုးခြင်းဖြစ်ပါသည်။ အိုးအိမ်ကိစ္စ၊ ကလေးစောင့်ရှောက်ရေးနှင့် သွားလာရေးဆိုင်ရာ အခြားသောကုန်ကျစရိတ်များအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဤအစီအစဉ်သည် ယခုကဲ့သို့သော အကြပ်အတည်းကာလအတွင်း စားသောက်ကုန်ဆိုင်များနှင့် ဝန်ထမ်းများအတွက် အပါအဝင် အင်ဒီယားနားပြည်နယ်၏ ဒေသခံစီးပွားရေးအတွက် အထောက်အကူဖြစ်စေပါသည်။

**3. ကဒ်ထဲရှိထောက်ပံ့ကြေးများကို အကုန်သုံးပြီးပါပြီ။ စွန့်ပစ်သင့်သလား။**

မစွန့်ပစ်ရပါ။ သင့်ကဒ်(များ)ကို သိမ်းထားပါ။

**4. ထောက်ပံ့ကြေးများ အကုန်မသုံးလျှင် ဘာဖြစ်လာမည်နည်း။**

ထောက်ပံ့ကြေးလက်ကျန်ငွေများကို တစ်လပြီးတစ်လ ဆက်လက်ထားရှိပေးမည်ဖြစ်ပြီး အသုံးမပြုသောငွေလက်ကျန် တစ်နှစ်ပြည့်ပြီးနောက်မှသာ ဖယ်ရှားပစ်မည်။ ထောက်ပံ့ကြေးများကို လိုအပ်သောအခါ အသုံးပြုနိုင်ပါသည်။

**5. မိမိ၏ P-EBT ထောက်ပံ့ကြေးများကို အသုံးမပြုချင်ပါ။ ဘာလုပ်ရမည်နည်း။**

ကဒ်ကိုလက်ခံရရှိသောအခါ ဖျက်ဆီးပစ်နိုင်ပါသည်။

**6. P-EBT ထောက်ပံ့ကြေးများသည် SNAP ကဲ့သို့ အခြားသော EBT ထောက်ပံ့ကြေးများကို ထပ်မံဖြည့်စွက်ပေးပါသလား။**

ဟုတ်ပါသည်၊ P-EBT ထောက်ပံ့ကြေးများသည် မိသားစုတစ်စုစုအနေဖြင့် လက်ခံရရှိသည့် SNAP အကျိုးခံစားခွင့်များကို ထပ်မံဖြည့်စွက်ပေးခြင်း ဖြစ်ပါသည်။ အိမ်ထောင်စုလူဦးရေအတွက် သတ်မှတ်ချက်အရ SNAP အကျိုးခံစားခွင့် အများဆုံးအဆင့် ရရှိပြီဖြစ်စေ၊ မရရှိသေးသည်ဖြစ်စေ၊ သက်ရောက်မှုမရှိပါ။ P-EBT သည် ကျောင်းထဲတွင်မစားရသော အစားအစာအတွက် အစားထိုးခြင်းဖြစ်ပြီး SNAP ပံ့ပိုးမှုနှင့်မတူပါ။